**KACHIN WOMEN'S ASSOCIATION THAILAND**

P.O.BOX 415, CHIANG MAI 50000, THAILAND

**ရက်စွဲ ၁၉ ရက် ဇန်နဝါရီလ၊ ၂၀၂၁ ခုနှစ်**

## ကချင် ကျောင်းဆရာမနှစ်ဦး မုဒိမ်းကျင့်၊ သတ်ဖြတ်ခံရပြီး ခြောက်နှစ်ကြာခဲ့သော်လည်း အရပ်သား ပြည်သူများ အပေါ် ဗမာ့တပ်မတော်မှ ဆက်လက် ညှဉ်းပမ်းနှိပ်စက်နေမှု

မူဆယ်ခရိုင်၊ ကောင်းခါးကျေးရွာ၌ ကချင် ကျောင်းဆရာမနှစ်ဦး မုဒိမ်းကျင့်၊သတ်ဖြတ်ခံရသည့် (၆)နှစ်ပြည့် နှစ်ပတ်လည်နေ့၌ မြန်မာပြည်မြောက်ပိုင်းရှိ အရပ်သားပြည်သူများအပေါ် ဗမာ့တပ်မတော်ဘက်မှ ဆက်လက် အဓမ္မပြု၊ ညှဉ်းပမ်းနှိပ်စက်နေမှုများအား အဆုံးသတ်ပေးရန်နှင့် တရားမျှတမှု ဖော်ဆောင်ပေးရန် ကချင်အမျိုးသမီးများ အစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) က ထပ်လောင်းတောင်းဆိုလိုက်သည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက် မနက်အစောပိုင်း၌ စေတနာ့ဝန်ထမ်း ကျောင်းဆရာမနှစ်ဦး၏ ရုပ်အလောင်းများကို လူမဆန်သော ညှဉ်းပမ်းနှိပ်စက်၊ မုဒိမ်းကျင့်ခံထားရသည့် ဒဏ်ရာဒဏ်ချက်များဖြင့် သေဆုံး နေသည်ကို ကောင်းခါးရွာရှိ ၎င်းတို့၏ နေအိမ်၌ တွေ့ရှိခဲ့သည်။ သက်သေအထောက်အထား အားလုံးက အခင်းမဖြစ်ပွားခင် ရှေ့တစ်ရက်ကြိုစော၍ ရွာသို့ ရောက်ရှိနေခဲ့သော ဗမာ့တပ်မတော် ခလရ (၅၀၃) ကို ညွှန်းဆိုထောက်ပြနေခဲ့သည်။ သို့သော် တပ်မတော်အာဏာပိုင်များက တရားမျှတမှု ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုမှန်သမျှကို တားဆီးပိတ်ပင်ခဲ့သည့်အပြင် ဒေသခံလူငယ်နှစ်ဦးပေါ်သို့ အပြစ်ပုံချရန် ကြိုးစားခဲ့ကြသည်။ ကာကွယ်ရေးစစ်ဦးစီးချုပ် မင်းအောင်လှိုင်ကိုယ်တိုင်က ယင်း အခင်းဖြစ်ပွားမှု၌ တပ်မတော်ပါဝင်ပတ်သက်ကြောင်း စွပ်စွဲပြောဆိုသူ မှန်သမျှကို မြန်မာပြည်၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်းအား အပ်နှင်းထားသော အလုံးစုံသောအာဏာကို ကျင့်သုံးကာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။

အဆိုပါခြိမ်းခြောက်ပြောဆိုပေးမှုကြောင့် ယနေ့ထိတိုင် ထိုသို့သော ရက်စက်ကြမ်းကြုတ် ဆိုးရွားလှသော ပြစ်မှုကို ကျူးလွန်သူများသည် အပြစ်ဒဏ်မသင့်ဘဲ လွတ်မြောက်လျက် ရှိနေသည်။ ထို့ပြင် ဗမာ့တပ်မတော်သည် ပြစ်ဒဏ်ပေးခံရခြင်းမှကင်းလွတ်လျက် မုဒိမ်းကျင့်၊ ညှဉ်းပမ်းနှိပ်စက်၊ သတ်ဖြတ်ခွင့် လိုင်စင်ကို ဆက်လက်ရရှိနေကြသည်။

ခြောက်နှစ်ကြာညောင်းခဲ့သော်လည်း၊ တပ်မတော်၏ ဖိနှိပ်ချုပ်ချယ်ခံရမှု အိပ်မက်ဆိုးများသည် ကောင်းခါး ကျေးရွာ၌ ဆက်လက် တည်ရှိနေသည်။ ယင်းကျေးရွာသည် ပဋိပက္ခဖြစ်ပွားရာ နယ်မြေအပိုင်းအခြား၌ တည်ရှိပြီး၊ ယင်းတည်နေရာ၌ ဗမာ့တပ်မတော်က ရှမ်းပြည်မြောက်ပိုင်းရှိ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)နှင့် အခြားတိုင်းရင်းသား ခံစစ်တပ်ဖွဲ့များကို အမြစ်ပြတ်၊တိုက်ခိုက်ချေမှုန်းရန် ထောင်နှင့်ချီသော အထူးတိုက်ခိုက်ရေး စစ်ကြောင်းများကို တပ်ဖြန့်ချထားသည်။ လွန်ခဲ့သော လ ၌၊ ဗမာ့တပ်မတော်သည် မူဆယ်အရှေ့ဘက်ရှိ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနီး တောင်ထိပ်အခြေချစခန်းမှ အဆိုပါ တည်နေရာ ဘက်သို့ တာဝေးပစ်အမြောက်များဖြင့် (၂) ကြိမ်တိုင်တိုင် တရပ်စပ် စုပြုံ ပစ်ခတ်ခဲ့သည်။

ဗမာ့တပ်မတော် တပ်မ (၈၈)နှင့် (၉၉) စစ်ကြောင်းများသည် အဆိုပါ ဧရိယာတစ်လျှောက် အမြဲ ကင်းလှည့်လေ့ရှိပြီး ဒေသခံရွာများ၌ စခန်းချခြင်းနှင့် အစားအသောက်များ အတင်း အဓမ္မ တောင်းယူခြင်း တို့ကို ကျူးလွန်နေကြသည်။ ၂၀၁၅ခုနှစ် ကြမ္မာငင်ခဲ့ရသောအဆိုပါ ည၌ ဖြစ်ပျက်ခဲ့သလိုပင်၊ ယင်းစစ်ကြောင်းများသည် ကောင်းခါးရွာကို ဖြတ်၍၊ ရွာသားများ၏ နေအိမ်များ၌ စခန်းချလေ့ရှိကာ ဒေသခံ ရွာသူ/သားများအကြား ထိတ်လန့်ကြောက်ရွံ့မှုကို မီးစည်ပေးလျက် ရှိကြသည်။ တပ်မ (၉၉) သည် မြန်မာပြည် မြောက်ပိုင်းရှိ အရပ်သား ပြည်သူများအား ညှဉ်းပမ်းနှိပ်စက်၊ သတ်ဖြတ်မှု တို့ကြောင့်သော် လည်းကောင်း၊ ၂၀၁၇ခုနှစ်၌ ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးများအား အစုလိုက်၊အပြုံလိုက် မုဒိမ်းကျင့်၊သတ်ဖြတ်မှုတို့ကြောင်းသော်လည်းကောင်း နာမည်ဆိုးဖြင့် ကျော်ကြားနေသည်။

မုဒိမ်းကျင့်၊ သတ်ဖြတ်မှုအတွက် ယုံမှားစေအောင် အပြစ်ပုံချခံရသော ကောင်းခါးရွာမှ လူငယ် နှစ်ယောက်သည် ထပ်မံ၍ ညှဉ်းပမ်းနှိပ်စက်၊နှောင့်ယှက်ခံရမည်ကို ကြောက်ရွံ့သောကြောင့် ၎င်းတို့ရွာ၌ ဆက်လက် မနေရဲတော့ပါ။ ယင်းလူငယ်နှစ်ဦးနှင့် မိသားစုဝင်များသည် ၎င်းတို့ မကျူးလွန်ခဲ့သော ရာဇဝတ်မှုနှင့် မဆက်ဆိုင်သော်လည်း ဆက်လက်၍ ဒုက္ခခံနေကြရသည်။

လွန်ခဲ့သော (၅)နှစ်က ကချင်အမျိုးသမီးများ အစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) သည် ကောင်းခါး မုဒိမ်းကျင့်၊ သတ်ဖြတ်မှု ကျူးလွန်သူများကို လာရောက်တရားရင်ဆိုင်စေရန်နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွက် စစ်တပ်၏ ပြစ်ဒဏ်ကင်းလွတ်နေမှုကို အဆုံးသတ်ပေးရန် ရွေးကောက်ခံခါစ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရထံ မေတ္တာရပ်ခံခဲ့သည်။ အစိုးရဘက်က ကျွန်မတို့၏ မေတ္တာရပ်ခံချက်ကို လျစ်လျူရှု ခဲ့ရုံသာမက၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လူသိရှင်ကြား ဗမာ့ တပ်မတော်ဘက်၌ ရွေးချယ်ရပ်တည်ခဲ့ပြီး မုဒိမ်းကျင့်မှု၌ တပ်မတော်ပါဝင်ပတ်သက်ကြောင်း စွပ်စွဲချက်ကို ငြင်းပယ်ပေးခဲ့သည်။

“ဤအမှုနဲ့ပတ်သက်ပြီး အစိုးရဘက်က တစ်စုံတစ်ရာ လုပ်ဆောင်ပေးမယ်လို့ ယုံကြည်ခဲ့တယ်။ ဒါပေမယ့် သူတို့ဘက်က ဘာမှ မလုပ်ခဲ့ဘူး။ အရမ်းစိတ်ပျက်စေတယ်။” ဟု အသတ်ခံရသည့် ကျောင်းဆရာမတစ်ဦး၏ ဆွေမျိုး တစ်ယောက်က ဆိုခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို အဆုံးသတ်ရန် သံန္နိဋ္ဌာန်ချမှတ်ထားကြသည်။ သို့တည့်တိုင် ယင်းအစိုးရများက ဒေါ်လာဘီလျံနှင့်ချီသော ရင်းနှီးမြှုပ်နှံမှုနှင့်ထောက်ပံ့ ကူညီမှုများကို မြန်မာပြည်ထဲ မြှုပ်နှံလျက်ရှိနေပြီး၊ အစိုးရစစ်ကြောင်းများ၏ မုဒိမ်းကျင့်ခြင်း ခံရမည်ကို နေ့စဉ်ကြောက်ရွံ့လျက် အသက်ရှင်နေသော တိုင်းရင်းသားဒေသရှိ လက်နက်ကိုင်ပဋိပက္ခဒေသများမှ အမျိုးသမီးများ၏ ဆင်းရဲဒုက္ခများကို လျစ်လျူရှုထားကြသည်။

တပ်မတော်၏ မုဒိမ်းကျင့်မှုအတွက် ဗမာပြည်၌ ပြစ်ဒဏ်ပေးခြင်းကင်းလွတ်နေမှုကို အဆုံးသတ်ရန် နိုင်ငံတကာ၏ ဖိအားသည် အရေးတကြီး လိုအပ်နေသည်။ အားလုံးပါဝင်သော နိုင်ငံရေး တွေ့ဆုံ ညှိနှိုင်းမှုများမှတဆင့် ဖယ်ဒရယ် အခြေခံဖွဲ့စည်းပုံဥပဒေအသစ်တစ်ရပ်အား အစပြုနိုင်ရန်အလို့ငှာ “ပုံမှန်အတိုင်း ဆောင်ရွက်နေမှု” အနေအထားအား ချက်ချင်းအဆုံးသတ်ပေးရန်နှင့် မုဒိမ်းကျင့်

တပ်မတော်အား ကာကွယ်နေမှုကို အဆုံးသတ်စေရေး ဗမာအစိုးရအား ဖိအားပေးရန် ကျယ်ပြန့်သော စီးပွားရေး ပိတ်ဆို့ပေးရန်၊ နိုင်ငံတစ်ဝန်း ဗမာ့တပ်မတော်၏ ထိုးစစ်ဆင်နေမှုများကို နိဂုံးချုပ်စေရန်နှင့် စစ်ကြောင်းများ ရုပ်သိမ်းပေးရန် ကျွန်မတို့ ကချင်အမျိုးသမီးများ အစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) က တောင်းဆိုပါသည်။

ဆက်သွယ်ရန်

မမွန်းနေလီ (+66 855 233 791)

မဆန်ထွယ် (+95 995 9880 580)

kwat.office@gmail.com

www.kachinwomen.com